# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

## ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ မေလ (၁၅)ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ် (၁၀/၂၀၀၈) နှင့်စပ်လျဉ်း၍သဘောထား ထုတ်ပြန်ချက်

၁။ နအဖစစ်အုပ်စု၏ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌဦးအောင်တိုးက မေလ (၁၅)ရက်စွဲဖြင့် ကြေညာချက်အမှတ် **(၁၀/၂၀၀၈)**ကို ထုတ်ပြန်၍ မပြီးဆုံးသေးသည့် ဆန္ဒခံယူပွဲ၏ ရလာဒ်ကို (၉၂ဒသမ၄)ရာခိုင်နှုန်းထောက်ခံမဲဖြင့် အနိုင်ရရှိကြောင်း အလောတကြီးဖြင့် နိုင်ငံတကာနှင့် ပြည်သူတရပ်လုံးသို့ အရှက်မဲ့စွာ ထုတ်ပြန်ကြေညာခဲ့မှုအပေါ် မိမိတို့အနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချလိုက်သည်။

၂။ နအဖစစ်အုပ်စု နှင့် ၎င်း၏လက်ပါးစေတစုသည်၊ တိုင်းပြည်အတွင်း မိမိတို့နိုင်ငံသားတသိန်းကျော် သေဆုံးပြီး၊ နိုင်ငံသားဦးရေ နှစ်သန်းကျော် ဘေးဒုက္ခဆိုးကြီးကြုံတွေ့နေရသည့် ကပ်ဆိုး၊ ကပ်ပျက်ကြီး ကျရောက်နေမှုအပေါ် စာနာမှု၊ မေတ္တာထားမှုများ ကင်းမဲ့လျှက် အာဏာရမက်ငမ်းငမ်းတက်နေသည့် ဟန်မဆောင်နိုင်မှုကို ရှင်းလင်းစွာ ဖေါ်ပြလိုက်ခြင်းဖြစ်သည်ဟု အလေးအနက်သုံးသပ်ပါသည်။

၃။ နအဖစစ်အုပ်စု၏ ကျင်းပဆဲလူထုဆန္ဒခံယူပွဲသည် ရာနှုန်းပြည့် ပြီးဆုံးခြင်းမရှိသေးသည်ကို ကမ္ဘာက သိပါသည်။ ပြည်တွင်းရှိ ပြည်သူတရပ်လုံးကလည်း သိပါသည်။ မေလ(၁၀)ရက်နေ့ဆန္ဒခံယူပွဲတွင် နည်းမျိုးစုံဖြင့် ကောက်ကျစ်မှုအခြေအနေမှန်များအပေါ် မဲဆန္ဒရှင်ပြည်သူများက မခံမရပ်နိုင်၍ ကမ္ဘာသိဖေါ်ထုတ်တင်ပြမှုများကို မှန်မှန်ကန်ကန် ရင်ဆိုင်ဖြေရှင်းရန်မဝံ့တော့သည့်အဆုံး၊ ယခုကဲ့သို့ကြားဖြတ်ကြေညာချက်ထုတ်ပြန်၍ ပြည်သူလူထုတရပ်လုံးနှင့် တကမ္ဘာလုံးသို့ စိန်ခေါ်မှုတရပ် ပြုလုပ်လိုက်ခြင်းဖြစ်သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

၄။ နအဖစစ်အုပ်စု၏ လူထုဆန္ဒခံယူပွဲဆိုင်ရာလုပ်ငန်းစဉ်တလျှောက်လုံးကို လေ့လာရာတွင် – ဒီမိုကရေစီအခြေခံကျင့်စဉ်များနှင့် ဆန့်ကျင်ကင်းလွတ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးမူဘောင်ကို ချိုးဖေါက်လုပ်ဆောင်နေခြင်း၊ တရားမဲ့ မင်းမဲ့စရိုက်ဆန်သည့် ယုတ်မာကောက်ကျစ်မှုမျိုးစုံကျင့်သုံးဆောင်ရွက်နေခြင်းတို့သာမက၊ လူသားခြင်းထားရှိအပ်သည့် အနိမ့်ဆုံးမေတ္တာတရားစံတို့ကိုပင် မျက်ကွယ်ပြုလုပ်ဆောင်နေမှုများကို တွေ့ရှိရသည်။ ယင်းလုပ်ရပ်များအပေါ် မဲဆန္ဒရှင်နိုင်ငံသားများကလည်း စဉ်ဆက်မပြတ် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရမှုအခြေအနေဆိုးများကို နိုင်ငံတကာသိအောင် ထုတ်ဖေါ်နေကြပြီ ဖြစ်သည်။

၅။ သို့ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာရှိလူသားချင်းစာနာထောက်ထားကြသည့် အဖွဲ့အစည်းအသီးသီးသို့ အထူးမေတ္တာရပ်ခံလိုသည်မှာ – မြန်မာနိုင်ငံရှိနိုင်ငံသားအားလုံး၏ ဘေးဒုက္ခပေါင်းစုံခံနေရမှုအပေါ် နည်းလမ်းမျိုးစုံဖြင့် အမြန်ဆုံးဝိုင်းဝန်းကူညီပေးကြရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း အသိပေးလိုက်ပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့်လည်း စစ်အုပ်စု၏ ယုတ်မာရက်စက်ကောက်ကျစ်မှုများကို ခေါင်းငုံ့မခံကြဘဲ၊ မှန်မှန်ကန်ကန် ဆန့်ကျင်သွားကြရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် တိုင်းပြည်နှင့်လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးနှင့်အတူလက်တွဲ၍ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)**

ရက်စွဲ ။ ။ ၂၀၀၈ခုနှစ်၊ မေလ(၁၆)ရက်

ဆက်သွယ်ရန်။ ။ ဦးမြင့်သိန်း – တွဲဘက်အထွေထွေအတွင်းရေးမှူး(၁)
ဖုန်း– (၆၆)–၀၈၇–၈၀၈–၃၅၅၂